# H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

## 1 ကိုယ်ဝန်ဆောင်ခြင်း

### 1-3 ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးခြင်း၊ကျန်းမာရေးထိမ်းသိမ်းစောင့်ရှောက်မှု ညွှန်ကြားခြင်း၊

**(1) ကိုယ်ဝန်ဆောင်၏ကျန်းမာရေးစစ်ဆေးခြင်း**

ကိုယ်ဝန်ဆောင်စဉ်အတွင်းလုံလောက်သောအဟာရနှင့်အနားယူရန်လိုအပ်ပြီးသတ်မှတ်ထားသောအချိန်အတိုင်းမမေ့မလျော့ကျန်းမာရေးစစ်ဆေးခံရန်လိုအပ်သည်။

မိခင်ကလေးကျန်းမာရေးစာအုပ်ကိုရယူသောအခါတွင် ကျန်းမာရေး စစ်ဆေးမှု ၁၄ကြိမ်စာ ထောက်ပံ့မှုခံယူနိုင်သောစာရွက်ကိုအတူတကွရယူနိုင်ပါသည်။

**(2) သားဖွားဆရာမ၊ကျန်းမာရေးဝန်ထမ်းမှလာရောက်ညွှန်ကြားခြင်း**

မြို့နယ်အသီးသီးတွင်သားဖွားဆရာမနှင့်ကျန်းမာရေးဝန်ထမ်းများအားနေအိမ်သို့စေလွှတ်၍ကိုယ်ဝန်ဆောင်နေစဉ်အတွင်းဆောင်ရန်၊ရှောင်ရန်၊မွေးဖွားရန်ပြင်ဆင်မှု များနှင့်ပတ်သက်၍အသီးသီး၏အခြေအနေနှင့်ဆီလျော်သောနည်းဖြင့်သင်ကြားညွှန်ပြခြင်းကိုပြုလုပ်ပေးလျက်ရှိသည်။အသေးစိတ်ကိုနေထိုင်သောရပ်ကွက်၊မြို့ရွာရုံးများတွင်စုံစမ်းမေးမြန်းပါ။

အိမ်သို့လာရောက်ညွှန်ကြားခြင်းမှာအခမဲ့ဖြစ်ပြီးကာယကံရှင်၏တောင်းဆိုချက်အပြင်၊ဆရာဝန်၏ထောက်ခံစာဖြင့်ပြုလုပ်သည်။

**(3) သားဖွားဌာန**

စီးပွားရေးအခြေအနေအရကိုယ်ပိုင်ငွေဖြင့်မွေးဖွားရန်ခက်ခဲသောအခါတွင်အစိုးရငွေဖြင့်သတ်မှတ်ထားသောနေရာများတွင်မွေးဖွားနိုင်သည်။မွေးဖွားသည့်အချိန်မတိုင်မီအထိအကြောင်းကြားရန်လိုအပ်သည်။

**(4) မိခင်လောင်း(သို့)မိဘလောင်းသင်တန်း**

မြို့နယ်အသီးသီးတွင်ကိုယ်ဝန်ဆောင်ခြင်း၊မွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်၍ နေ့စဉ်လိုအပ်သောအသိပညာ၊ နည်းလမ်းများနှင့်ပတ်သက်သော သင်တန်းများကိုပြုလုပ်လျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် သူ၏မိသားစုမှတက်ရောက်နိုင်ပါသည်။ သင်တန်းတက်ရာတွင် အများအားဖြင့် အခမဲ့ဖြစ်သည်။